


environmental investigation agency

သစ်တောကဏ္ဍ

# ဖီဆန်သော လုပ်ရပ်

အမေရိကန် ကုန်သည်များ စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့ သတ်မှတ်ချက်များကို မသိကျိုးကျွန် ပြု၍ မြန်မာနိုင်ငံမှ ပဋိပက္ခဆက်နွယ် ကျွန်းသစ်များကို မည်သို့ တင်ပို့နေပါသနည်း။

ဒီဇင်ဘာလ၊ ၂၀၂၂



©EIAimage

## ကျေးဇူးတင်လွှာ

ဤအစီရင်ခံစာကို သဘာဝပတ်ဝန်းကျင် စုံစမ်းစစ်ဆေးရေးအဖွဲ့ (EIA) က ရေးသားတည်းဖြတ်သည်။ Norwegian နော်ဝေးနိုင်ငံ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဌာန (Norad) နှင့် ယူကေနိုင်ငံ၏ နိုင်ငံခြားရေး၊ နသဟာယအဖွဲ့နှင့် ဖွံ့ဖြိုးရေးရာရုံး (FCDO) တို့က ဘဏ္ဍာရေး ထောက်ပံ့ပါသည်။

EIA အနေဖြင့် ကျွန်ုပ်တို့အဖွဲ့၏ ရည်မှန်းချက်နှင့် တန်ဖိုးအတွက် အစဉ်တစိုက် ကူညီပေးကြသော မိတ်ဆွေများအား ကျေးဇူးတင်ရှိပါသည်။

## EIA အဖွဲ့အကြောင်း

ကျွန်ုပ်တို့သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြစ်မှုကျူးလွန်မှုများကို စုံစမ်း စစ်ဆေးပြီး စည်းရုံးလှုံ့ဆော်သည့်အဖွဲ့ ဖြစ်ပါသည်။ ဆင်၊ ကျား စသည့် တောရိုင်း တိရစ္ဆာန်များဆိုင်ရာ နယ်စပ်ဖြတ်ကျော် ပြစ်မှု ကျူးလွန်ခြင်းများ၊ တရားမဝင် သစ်ထုတ်ခြင်း၊ စားအုန်းဆီကဲ့သို့ ငွေရှာပေးသည့် ကောက်ပဲ သီးနှံ စိုက်ပျိုးခြင်းတို့ကြောင့် သစ်တောပြုန်းတီး ခြင်းတို့ကို စုံစမ်းဖော်ထုတ်ပါသည်။

ကျွန်ုပ်တို့သည် ပလပ်စတစ် ညစ်ညမ်းခြင်းကြောင့် နှင့် ဝေလငါး၊ လင်းပိုင်နှင့် လင်းရှူးတို့ကို စီးပွားရေးအတွက် ဖမ်းဆီးသတ်ဖြတ်ခြင်းတို့ကြောင့် ခြိမ်းခြောက်မှု ကြုံတွေ့နေရသော ကမ္ဘာတစ်ဝှမ်းရှိ အဏ္ဏဝါ ဂေဟစနစ်ကို ကာကွယ်နိုင်ရန် ကြိုးပမ်းလျက် ရှိပါသည်။ နောက်ဆုံးအနေဖြင့် ရာသီဥတု ဖောက်ပြန်ခြင်း၏ သက်ရောက်မှုများကို လျော့ချနိုင်ရန်အတွက် အားကောင်းသော ဖန်လုံအိမ်ဓါတ်ငွေ့ ထုတ်လွှတ်ခြင်းများ ပျောက်ကွယ်သွားစေရန် စည်းရုံးလှုံ့ဆော်ခြင်း၊ တရားမဝင် ကုန်သွယ်ခြင်းများကို စုံစမ်းဖော်ထုတ်ခြင်းနှင့် အအေးပေးခြင်း လုပ်ငန်းတွင် စွမ်းအင် အသုံးပြုမှု ထိရောက်မှု ရှိစေရန်တို့ကို လုပ်ဆောင်ပါသည်။

**EIA UK**
62-63 Upper Street,
London N1 0NY UK
**T:** +44 (0) 20 7354 7960
**E:** ukinfo@eia-international.org
**eia-international.org**

**EIA US**
PO Box 53343
Washington DC 20009 USA
**T:** +1 202 483 6621
**E:** info@eia-global.org
**eia-global.org**

**Environmental Investigation Agency UK**
UK Charity Number: 1182208
Company Number: 07752350
Registered in England and Wales



**မျက်နှာဖုံးဓါတ်ပုံ** – မြန်မာနိုင်ငံမှ ကျွန်းသစ်များ အမေရိကန်သို့ ဝင်ရောက်ရာ ဘောတီမောမြို့ ဆိပ်ကမ်း၊

**အပေါ်ပုံ** – ပေါလစ်တိုက်ထားသော အထက်ပါ ကျွန်းသစ်ပုံသည် မြန်မာနိုင်ငံတဝှမ်း သစ်တောဖြုန်းတီးမှု မြင်ကွင်းနှင့် အံ့သြဖွယ် တူညီနေပါသည်။

## မာတိကာ


| | |
|---|---|
| နိဒါန်း | ၄ |
| သိုလှောင်ထားသော ကျွန်းသစ်များကို ဝယ်ယူခြင်းဖြစ်သည်ဆိုသည့် အကြောင်းပြချက် နှင့် အမိန့်ကြော်ငြာစာ အမှတ် ၁၄၀၁၄ “မြန်မာနိုင်ငံနှင့် ဆက်စပ်သော ကုန်ပစ္စည်းများကို ပိတ်ဆို့ခြင်း” | ၆ |
| မြန်မာ့သစ် သိမ်းဆည်းသိုလှောင်ခြင်း နှင့် သစ်ထောက်ခံချက် | ၁၀ |
| လေစီ အက်ဥပဒေ | ၁၂ |
| အကြံပြုချက်များ | ၁၅ |
| ကျမ်းကိုးစာရင်း | ၁၆ |



NICFI
Norway's International Climate and Forest Initiative

Foreign, Commonwealth & Development Office

# နိဒါန်း

**၂၀၂၁ ဖေဖော်ဝါရီလတွင် မြန်မာစစ်တပ်သည် ဒီမိုကရေစီနည်းကျ ရွေးကောက်ခံ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရကို အတင်းအဓမ္မ ဖြုတ်ချပြီး အာဏာသိမ်းယူခဲ့သည်။**

အာဏာသိမ်းပြီးသည့် အချိန်မှစ၍ မြန်မာနိုင်ငံသားများသည် တိုးပွားလာသော ပဋိပက္ခများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ခါးစည်းခံနေရပါသည်။ တရားမဝင် သိမ်းယူထားသော အာဏာကို ဆက်လက် ဆုပ်ကိုင်ထားနိုင်ရန်နှင့် ဆန့်ကျင်သူများကို ဖမ်းဆီးဖိနှိပ်နိုင်ရန် မြန်မာစစ်တပ်သည် နိုင်ငံခြားဝင်ငွေ ပုံမှန် ရရှိနိုင်ရန် လိုအပ်ပါသည်။ ခေတ်အဆက်ဆက် မြန်မာအစိုးရသည် သဘာဝ သယံဇာတမှ ရရှိသည့် အခွန်ဘဏ္ဍာအပေါ် မှီခိုအားထားခဲ့ကြသည်။ မြန်မာ့သစ်တောကဏ္ဍသည် မြန်မာစစ်တပ်နှင့် ခရိုနီများအတွက် အကျိုးအမြတ် ရှာဖွေပေးသော ကဏ္ဍ တစ်ခုဖြစ်ပြီး ၎င်းတို့ ဆက်လက်ရပ်တည်နိုင်ရန်အတွက် နှစ်ပေါင်းများစွာ ထောက်ပံ့ပေးခဲ့သော ကဏ္ဍတစ်ခုလည်း ဖြစ်သည်။

ရွက်လှေကုန်းပတ် တည်ဆောက်ခြင်း၊ ကြမ်းခင်းခြင်းနှင့် အခြား ပရိဘောဂ လုပ်ငန်းများတွင် အသုံးပြုရန်အတွက် မြန်မာ့ကျွန်းသစ် ဝယ်လိုအား မြင့်တက်လာသည်နှင့်အမျှ မြန်မာစစ်တပ်သည် အနည်းငယ်သာ ကျန်ရှိ တော့သော မြန်မာ့ ကျွန်းသစ်တောများကို ဖျက်ဆီးလျက် ရှိနေပါသည်။

မြန်မာနိုင်ငံသားများအတွက် သစ်တောဆိုသည်မှာ နားခိုရာနှင့် အကာအကွယ်ပေးသည့် လုံခြုံရေး ပထမစည်း ဖြစ်ပါသည်။ ထို့အပြင် မြန်မာ့သစ်တောသည် ဒေသတွင်း ဂေဟစနစ်အတွက် အားထားရာ တစ်ခုလည်း ဖြစ်သည်။ ဤသစ်တောများ ပျောက်ကွယ်သွားမည်ဆိုပါက ရပ်ရွာ ဒေသခံများအတွက် နေအိမ်နှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ ထိခိုက်ပျက်စီးသွားနိုင်သည့်အပြင် ဂေဟစနစ်များ ပြန်လည်ပြုပြင်ရန် မဖြစ်နိုင်တော့သည်အထိ ပျက်စီးသွားနိုင်ပါသည်။ သို့သော် ယခုတိုင် အမေရိကန် နိုင်ငံတွင်းသို့ ကျွန်းသစ်တင်ပို့မှုများ လျော့ကျသွားခြင်း မရှိဘဲ မြင့်တက်လာသည်ကိုပင် မြင်တွေ့နေရပါသည်။

ဤစာတမ်းတွင် မြန်မာစစ်တပ်နှင့် ခရိုနီတို့က အသည်းအသန် လိုအပ်လျက်ရှိသော နိုင်ငံခြားဝင်ငွေများ ရရှိနိုင်ရန်  အာဏာသိမ်းပြီးချိန်မှ စတင်၍ စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့ထားချက်များကို မလိုက်နာဘဲ အမေရိကန်နိုင်ငံသို့ ကျွန်းသစ် တင်ပို့မှု မြင့်တက်လာခဲ့ခြင်း အကြောင်းကို တင်ပြသွားမည် ဖြစ်ပါသည်။

အမေရိကန်နိုင်ငံမှ ချမှတ်ထားသော စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့ ထားချက်များ ရှိလင့်ကစား မြန်မာနိုင်ငံမှ ကျွန်းသစ်များကို ဆက်လက် တင်ပို့လျက်ရှိသော အမေရိကန်ကုန်သည်များ အသုံးပြု ဖြေရှင်းသည့် အချက်အလက်များကို ကျွန်ုပ်တို့က ပြန်လည် အသုံးပြု ချေပထားပါသည်။ ထို့အပြင် လက်ရှိ ကျွန်းသစ်တင်ပို့မှုသည် တရားမဝင် ကျွန်းသစ် အသုံးပြုခြင်းကို တိုက်ဖျက်ရန် ရေးဆွဲထားသည့် လေစီ အက်ဥပဒေကို ချိုးဖောက်နေကြောင်းကိုလည်း မီးမောင်းထိုးပြထားပါသည်။

နိဂုံးအနေဖြင့် လက်ရှိ အသက်ဝင်လျက်ရှိသော ဥပဒေများကို အကောင်အထည် ဖော်နိုင်ရန် အကြံပြုချက်များကို ထည့်သွင်း ဖော်ပြထားပါသည်။



**ယာပုံ –** အမေရိကန်နိုင်ငံ စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့၊ လေစီ အက်ဥပဒေနှင့် EU သစ်ဆိုင်ရာ စည်းကမ်းများကို ချိုးဖောက်၍ မြန်မာနိုင်ငံမှ ကျွန်းသစ်များ အလုံးအရင်းဖြင့် ဆက်လက် တင်ပို့ ရောင်းဝယ်နေကြပါသည်။



©EIA UK




## သိုလှောင်ထားသော ကျွန်းသစ်များကို ဝယ်ယူခြင်းဖြစ်သည် ဆိုသည့် အကြောင်းပြချက်နှင့် အမိန့်ကြော်ငြာစာအမှတ် ၁၄၀၁၄ "မြန်မာနိုင်ငံနှင့် ဆက်စပ်သော ကုန်ပစ္စည်းများကို ပိတ်ဆို့ခြင်း"[၁]

၂၀၂၁၊ ဧပြီလ ၂၁ ရက်နေ့တွင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော မြန်မာ့သစ်လုပ်ငန်းကို အမိန့်ကြော်ငြာစာ အမှတ် ၁၄၀၁၄ အရ အမေရိကန်၏ စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့မှု စာရင်းတွင် ထည့်သွင်းလိုက်ပါသည်။

မြန်မာ့သစ်လုပ်ငန်းကို အာဏာသိမ်းပြီး နောက်တစ်ရက် ၂၀၂၁၊ ဖေဖော်ဝါရီလ ၂ ရက်တွင် မြန်မာစစ်တပ်က ဖွဲ့စည်းလိုက်သည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီက အလုံးစုံ ထိန်းချုပ်ထားပါသည်။ မြန်မာ့သစ်လုပ်ငန်းကသာ တရားဝင် သစ်ထုတ်လုပ်ခြင်းနှင့် နိုင်ငံခြားသို့ တင်ပို့ခြင်းတို့ကို လုပ်ပိုင်ခွင့်ရှိပါသည်။[၂] ထို့ကြောင့် မြန်မာ့သစ်လုပ်ငန်းမှ ကျွန်းသစ် ရောင်းချခြင်းမှ ရရှိသည့် ဝင်ငွေများကို စစ်ကောင်စီက ထိန်းချုပ်လျက် ရှိပြီး ၎င်းတို့ သက်ဆိုးရှည်နိုင်ရန်အတွက် အသုံးပြုလျက် ရှိပါသည်။

ယခုအခါ မြန်မာ့သစ်လုပ်ငန်းကို အမေရိကန် အစိုးရ၏ စီးပွားရေး ပိတ်ဆို့သည့် စာရင်းတွင် ထည့်သွင်းလိုက်သည့်အတွက် အမေရိကန် နိုင်ငံသားတစ်ဦးက မြန်မာ့သစ်လုပ်ငန်း ထံသို့ ငွေပေးချေမှုများ (သို့) မည်သူကမျှ အမေရိကန် ဒေါ်လာငွေဖြင့် မြန်မာ့သစ်လုပ်ငန်းကို ငွေပေးချေခွင့် မရှိတော့ပေ။[၃] ထို့ကြောင့် မြန်မာနိုင်ငံမှ အမေရိကန် နိုင်ငံအတွင်းသို့ ကျွန်းသစ်တင်ပို့မှုကို တားမြစ်ထားသည်ဟု ဆိုရမည် ဖြစ်သည်။

ကျွန်းသစ်များကို မြန်မာသစ်ကုန်သည်များက မြန်မာ့သစ်လုပ်ငန်းမှ ကြီးမှူးကျင်းပသည့် လေလံပွဲများတွင် အမေရိကန်ဒေါ်လာဖြင့် ပေးချေ ဝယ်ယူကြပါသည်။ အကြောင်းရင်းမှာ အဆိုပါ လေလံပွဲများတွင် ပါဝင်ရန် အမေရိကန်ဒေါ်လာဖြင့် ပေးချေရန် လိုအပ်သည့်အတွက် ဖြစ်သည်။[၄] ထိုမှတဆင့် မြန်မာ့ကျွန်းသစ် ကုန်သည်များသည် ရွက်လှေ ကုန်းပတ် တည်ဆောက်ရာတွင် အဓိက အသုံးပြုမည့် အမေရိကန် ကုန်သည်များအား တင်ပို့ရောင်းချပါသည်။ ထို့ကြောင့် အမေရိကန် သစ်ကုန်သည်များမှတဆင့် မြန်မာ့သစ်လုပ်ငန်း ထံသို့ ငွေကြေး စီးဆင်းမှုများ ဖြစ်ပေါ်စေပါသည်။

မြန်မာသစ်ကုန်သည်များသည် မြန်မာ့သစ်လုပ်ငန်းအတွက် သွယ်ဝိုက်သော နည်းလမ်းဖြင့် ဝင်ငွေများ ယူဆောင်ပေးသည့်အတွက်

၎င်းတို့အတွက် အကျိုးဆောင်ကဲ့သို့ ဆောင်ရွက်ပေးနေပါသည်။ နိုင်ငံခြားငွေဖြင့် ပေးချေမှုများကို လုပ်ဆောင်ရာတွင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော မြန်မာ့စီးပွားရေး ဘဏ်မှတဆင့် ဆောင်ရွက်ရသည့်အတွက် အမေရိကန်ဒေါ်လာဖြင့် ပေးချေမှု အားလုံးကိုလည်း မြန်မာ့စီးပွားဘဏ်မှတဆင့် လုပ်ဆောင်ရပါသည်။[၅]

အာဏာသိမ်းပြီးသည့် နောက်ပိုင်း မြန်မာ့စီးပွားရေးဘဏ်ကို စစ်ကောင်စီက အပြည့်အဝ ထိန်းချုပ်ထားပါသည်။ ထို့ပြင် ဒေါ်လာ အကောင့်များကို မြန်မာပြည်တွင်းတွင် မထားရှိကြပါ။ မြန်မာ့စီးပွားရေး ဘဏ်သည် နိုင်ငံခြား စင်္ကာပူ ဘဏ်များဖြစ်သော United Overseas Bank ၊ Oversea-Chinese Banking Corporation ၊ DBS Bank နှင့် ဘန်ကောက် ဘဏ်တို့တွင် အမေရိကန်ဒေါ်လာ အကောင့်များ ဖွင့်ထားပါသည်။[၆]

ဘက်မလိုက်သော စီးပွားရေးပညာရှင်များက မြန်မာ့စီးပွားရေး ဘဏ်အား စီးပွားရေးပိတ်ဆို့မှု စာရင်းတွင် ထည့်သွင်းမည်ဆိုပါက မြန်မာစစ်တပ် ထံသို့ နှစ်စဉ် ဝင်ရောက်မည့် ဒေါ်လာ ၂ ဘီလီယံခန့်ကို ဖြတ်တောက်ပြီး ဖြစ်လိမ့်မည်ဟု ခန့်မှန်းကြပါသည်။[၇] ကျွန်းသစ် ဝယ်ယူရာတွင် အမေရိကန်ဒေါ်လာဖြင့် ပေးချေလိုက်ခြင်းသည် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်မည်မဟုတ်ဘဲ နိုင်ငံခြား ဘဏ်အကောင့်များ (အများအားဖြင့် စင်္ကာပူနိုင်ငံ) သို့ ကနဦး ဝင်ရောက်မည်ဖြစ်သည်။ ထို့မှတဆင့် မြန်မာ့စီးပွားရေး ဘဏ်သို့ လွှဲပြောင်းပေးမည် ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ ၂၀၂၁၊ မေ ၂၁ ရက်နောက်ပိုင်း အမေရိကန် သစ်ကုန်သည် တစ်ဦးဦးက ကျွန်းသစ်ဝယ်သူ ဖြစ်နေခြင်း (သို့) အခြား နိုင်ငံသားမှ အမေရိကန်ဒေါ်လာ အသုံးပြု၍ ကျွန်းသစ်ဝယ်ယူခြင်းကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လုပ်ဆောင်ခြင်းသည်[၈] အမေရိကန် နိုင်ငံ၏ စီးပွားရေးပိတ်ဆို့မှု သတ်မှတ်ထားချက်ကို ချိုးဖောက်ခြင်း ဖြစ်သည်ဟု EIA က ယုံကြည်ပါသည်။

၎င်းတို့အား အမေရိကန် အစိုးရ၏ စီးပွားရေးအရ အရေးယူ ပိတ်ဆို့စာရင်းတွင် ထည့်သွင်းလိုက်သည်ကို အာခံသည့်အလား မြန်မာ့သစ်လုပ်ငန်းသည် ၂၀၂၂၊ မေလတွင် ကျွန်းသစ် လေလံပွဲ ကျင်းပမည်ကို ထင်ထင်ပေါ်ပေါ် ပြုလုပ်လာခဲ့ပြီး ကျွန်းသစ် ရောင်းချခြင်းမှ ပုံမှန်ဝင်ငွေများ ရရှိရန် ကြံရွယ်နေသည်ကို တွေ့ရပါသည်။

မြန်မာ့သစ်လုပ်ငန်းသည် ၂၀၂၂၊ မေလမှ မတ်လ ၂၀၂၃ အထိ လစဉ် ကျွန်းသစ်တင်ဒါပွဲ ကျင်းပမည့် အစီအစဉ်ကို စည်းကမ်း သတ်မှတ်ထားချက်များနှင့်တကွ ကြေငြာထားပြီး အမေရိကန်ဒေါ်လာကို အသုံးပြုနိုင်သည်ဟုလည်း ဖော်ပြထားပါသည်။[၉] (၂၀၂၂၊ ဇန်နဝါရီမှ စတင်၍ တင်ဒါဆိုင်ရာ ထုတ်ပြန်မှုကို လစဉ် ပြုလုပ်လျက်ရှိသည်။)

***ဇယား ၁*** *– မေလ ၂၀၂၂ မှ မတ်လ ၂၀၂၃ အထိ ကျွန်းသစ်/သစ်မာ (သစ်လုံးနှင့် သစ်ခွဲသား) တို့ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခြင်း အစီအစဉ်*


| စဉ် | နေ့ရက် | အိတ်ဖွင့်တင်ဒါ |
|---|---|---|
| ၁ | မေလ၊ ၁၂ ရက်၊ ၂၀၂၂ | အိတ်ဖွင့်တင်ဒါ (ရန်ကုန်၊ Ex-Site) |
| ၂ | ဇွန်လ၊ ၂၉ ရက်၊ ၂၀၂၂ | အိတ်ဖွင့်တင်ဒါ (ရန်ကုန်၊ Ex-Site) |
| ၃ | ဇူလိုင်လ၊ ၂၉ ရက်၊ ၂၀၂၂ | အိတ်ဖွင့်တင်ဒါ (ရန်ကုန်၊ Ex-Site) |
| ၄ | ဩဂုတ်လ၊ ၃၀ ရက်၊ ၂၀၂၂ | အိတ်ဖွင့်တင်ဒါ (ရန်ကုန်၊ Ex-Site) |
| ၅ | စက်တင်ဘာလ၊ ၂၉ ရက်၊ ၂၀၂၂ | အိတ်ဖွင့်တင်ဒါ (ရန်ကုန်၊ Ex-Site) |
| ၆ | အောက်တိုဘာလ၊ ၂၈ ရက်၊ ၂၀၂၂ | အိတ်ဖွင့်တင်ဒါ (ရန်ကုန်၊ Ex-Site) |
| ၇ | နိုဝင်ဘာလ၊ ၂၉ ရက်၊ ၂၀၂၂ | အိတ်ဖွင့်တင်ဒါ (ရန်ကုန်၊ Ex-Site) |
| ၈ | ဒီဇင်ဘာလ၊ ၂၉ ရက်၊ ၂၀၂၂ | အိတ်ဖွင့်တင်ဒါ (ရန်ကုန်၊ Ex-Site) |
| ၉ | ဇန်နဝါရီလ၊ ၃၁ ရက်၊ ၂၀၂၃ | အိတ်ဖွင့်တင်ဒါ (ရန်ကုန်၊ Ex-Site) |
| ၁၀ | ဖေဖော်ဝါရီလ၊ ၂၈ ရက်၊ ၂၀၂၃ | အိတ်ဖွင့်တင်ဒါ (ရန်ကုန်၊ Ex-Site) |
| ၁၁ | မတ်လ၊ ၂၉ ရက်၊ ၂၀၂၃ | အိတ်ဖွင့်တင်ဒါ (ရန်ကုန်၊ Ex-Site) |

**မျက်နှာချင်းဆိုင် ပုံနှင့် အောက်ပုံ** – မြန်မာ့သစ်လုပ်ငန်း ခြံဝင်းအတွင်းရှိ ကျွန်းသစ် သိုလှောင်ထားရှိမှုများ




©EIA UK

*ပုံ (၁) – အာဏာသိမ်းလိုက်သည့် ၂၀၂၁ ဖေဖော်ဝါရီလ နောက်ပိုင်း မြန်မာနိုင်ငံမှ အမေရိကန်နိုင်ငံသို့ ကျွန်းသစ်တင်ပို့မှု*



၂၀၂၂ ဇန်နဝါရီလ မှ အောက်တိုဘာလအတွင်း[၁၀] ကျင်းပခဲ့သော လေလံပွဲများတွင် ကျွန်းသစ်လုံး တန်ချိန် ၆၅၀၀ နှင့် ကျွန်းသစ်အချပ် ၄၀၀၀ m³ ခန့် ရောင်းချရန် ကြေငြာထားသည်။[၁၁] ထပ်မံရှင်းပြရလျှင် မြန်မာ့သစ်လုပ်ငန်းသည် ၂၀၂၀–၂၁ ကာလအတွင်း ကျွန်းသစ် တန်ချိန်ပေါင်း ၄၀၀၀ ခန့်ကို ထုတ်ရန် စီစဉ်ခဲ့သည်။[၁၂]

နိုင်ငံတကာ ဈေးကွက်ကလည်း အလားတူ တုံ့ပြန်ခဲ့သည်။ အာဏာသိမ်းပြီးနောက် အမေရိကန်နိုင်ငံသို့ ကျွန်းသစ် တင်ပို့မှု စိုးရိမ်ဖွယ်ရာ မြင့်တက်ခဲ့သည်။ ဆက်လက်ပြီး မြင့်တက်လျက်ရှိသည်။ ၂၀၂၁ ဖေဖော်ဝါရီလ ၁ ရက် မှ ၂၀၂၂ နိုဝင်ဘာ ၁၀ ရက်အတွင်း ကျွန်းသစ်စုစုပေါင်း ၂၅၆၁ တန်ကို မြန်မာနိုင်ငံမှ အမေရိကန်နိုင်ငံသို့ တိုက်ရိုက် တင်ပို့ခဲ့သည်။[၁၃] ၂၀၂၂ အောက်တိုဘာလ တစ်လတည်းတွင် အမေရိကန်နိုင်ငံသို့ ၁၄ ကြိမ်ခန့် တင်ပို့ခဲ့ပြီး တန်ချိန်အားဖြင့် စုစုပေါင်း ၂၆၃.၇ တန် ရှိခဲ့သည်။[၁၄]

မကြာသေးမီက ကျွန်းသစ်တင်ပို့မှု မြင့်တက်လာခဲ့ခြင်းသည် ကျွန်းသစ်ခွဲသား ပြင်ပတင်ပို့မှုကို ၂၀၂၃၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်၍ တားမြစ်လိုက်သည် ဟူသည့် ၂၀၂၀–၂၃ ခုနှစ် လစဉ် လေလံပွဲ၏ စည်းကမ်းသတ်မှတ်ထားချက်နှင့် အတိုင်းအတာတစ်ခုအထိ သက်ဆိုင်မှု ရှိနိုင်ပါသည်။[၁၅]

အဆိုပါ သတ်မှတ်ထားချက်သည် ယခင်အစိုးရလက်ထက်တွင် သစ်ကုန်ကြမ်းပစ္စည်း အလွန်အကျွံ ထုတ်ယူခြင်းကို ထိန်းချုပ်ရန် သတ်မှတ်ထားခဲ့ခြင်း ဖြစ်ပြီး ယခု စစ်ကောင်စီလက်ထက်တွင် ပြောင်းလဲသွားခြင်း မရှိပေ။

သို့သော် အဆိုပါ တားမြစ်လိုက်ခြင်းသည် အမေရိကန်နိုင်ငံမှ ကျွန်းသစ် တင်သွင်းသူများကို တားမြစ်ချက် အသက်မဝင်ခင် အလျှင်အမြန် သစ်ဝယ်ယူထားရန် အချက်ပြခြင်းဖြင့် မြန်မာ့သစ်လုပ်ငန်း၏ ရောင်းချမှုကို တိုးမြင့်စေရန် ကြိုးပမ်းမှုတစ်ရပ် ဖြစ်သည်ဟု EIA က ယုံကြည်ပါသည်။ ထို့အပြင် ထုတ်ပြန်ထားသည့် လေလံပွဲ အစီအစဉ်များကို ၂၀၂၃ မတ်လအထိ ဆက်လက်ကျင်းပသွားမည်ဟု ဖော်ပြထားပါသည်။

အာဏာသိမ်းပြီးနောက် အမေရိကန် သစ်ကုန်သည်များသည် စီးပွားရေး ပိတ်ဆို့ထားသည့်တိုင် ကျွန်းသစ်များ ဆက်လက်တင်သွင်းနိုင်ရန်အတွက် အကြောင်းပြချက်တစ်ခု စတင်ပေးလာခဲ့ကြသည်ကို EIA မှ လက်ခံရရှိသည့် သတင်း အချက်အလက်များမှတဆင့် သိရှိရပါသည်။ မြန်မာနိုင်ငံမှ တင်သွင်းသည့် ကျွန်းသစ်များသည် စီးပွားရေးပိတ်ဆို့မှု စာရင်းတွင် ထည့်သွင်းလိုက်သည့် ၂၀၂၁၊ ဧပြီလ ၂၁ ရက် မတိုင်မီ သစ်သိုလှောင်ရုံမှ ဝယ်ယူ ပေးချေထားပြီးဖြစ်သည့် ကျွန်းသစ်များ ဖြစ်သည်ဟု ၎င်းတို့က ပြောဆိုကြပါသည်။

သစ်ကုန်သည်များသည် စီးပွားရေး ပိတ်ဆို့တားမြစ်ထားချက်များကို ကျော်ခွရန် အထက်ပါ အကြောင်းပြချက်ကို ဆက်လက် အသုံးပြုလျက်ရှိပြီး ၂၀၂၁၊ ဧပြီလ ၂၁ ရက်နောက်ပိုင်း မြန်မာ့သစ်လုပ်ငန်းအား မည်သည့် ငွေပေးချေမှုမျှ ပြုလုပ်ထားခြင်း မရှိပါဟု ဆိုပါသည်။ လေလံပွဲတွင် ရောင်းချသည့် ကျွန်းသစ်သည် သစ်သိုလှောင်ရုံမှ ဖြစ်စေ၊ သို့မဟုတ် လောလောလတ်လတ် ထုတ်ယူရရှိသည်ဖြစ်စေ မြန်မာ့သစ်လုပ်ငန်းအား အမေရိကန်ဒေါ်လာဖြင့် ငွေပေးချေမှုများကို ၂၀၂၁၊ ဧပြီလ ၂၁ ရက်နောက်ပိုင်း ပြုလုပ်ခွင့် မရှိတော့ပေ။

စစ်တပ်အာဏာသိမ်းခြင်းကို ဆန့်ကျင်သည့် ဆန္ဒပြခြင်းများ မြန်မာနိုင်ငံတွင် ဆက်လက်ဖြစ်ပေါ်နေပါသည်။




အာဏာသိမ်းပြီးနောက် အမေရိကန် အစိုးရ၏ တားမြစ်ချက်များကို ကျော်လွှားနိုင်ရန် ကြိုတင်ဝယ်ယူထားသော သစ်သိုလှောင်ရုံမှ ကျွန်းသစ်များကို ဝယ်ယူတင်ပို့ခြင်းဖြစ်သည်ဆိုသည့် အကြောင်းပြချက်ကို စီးပွားရေးပိတ်ဆို့မှု ၁၈ လ ကြာလာသည်အထိ အသုံးပြုနေခြင်းသည် ယုတ္တိမရှိတော့ပေ။ အမေရိကန် သစ်ကုန်သည်များအနေဖြင့် စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့လိုက်သည့် နောက်ပိုင်းတွင်လည်း တင်ပို့မှုအတိုင်းအတာ ပမာဏ ပြောင်းလဲသွားခြင်း မရှိသည့်အတွက် စီးပွားရေး ပိတ်ဆို့မည်ကို ကြိုတင်သိရှိ၍ ဝယ်ယူမှုများ အများအပြား ပြုလုပ်ခဲ့နိုင်မှသာ ၂၀၂၂ အောက်တိုဘာလအထိ ယခုနှုန်းထားဖြင့် တင်ပို့နိုင်မည်ဖြစ်သည်။

Panjiva ကုန်သွယ်မှု အချက်အလက်များတွင် မြန်မာသစ်ကုန်သည် အသစ် ၄ ဦးသည် အမေရိကန်နိုင်ငံသို့ ၂၀၂၂ တွင် ပထမတစ်ကြိမ် တင်ပို့ခြင်း ပြုလုပ်ခဲ့သည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် အမေရိကန် သစ်ကုန်သည်တစ်ဦးသည် ၂၀၂၁၊ ဧပြီလ ၂၁ ရက် မတိုင်မီ ကျွန်းသစ်များကို ဝယ်ယူထားပြီး တစ်နှစ်ကျော် စောင့်ဆိုင်းပြီးမှ မြန်မာနိုင်ငံမှ တင်သွင်းသည် ဆိုသည်မှာ ယုံကြည်နိုင်ဖွယ် မရှိပေ။[၁၆]



အမေရိကန်နိုင်ငံသို့ တင်ပို့သည့် ကျွန်းသစ်အများစုသည် သစ်ခွဲသား အကြမ်းထည် ဖြစ်ပါသည်။

©EIA UK

# မြန်မာ့သစ် သိမ်းဆည်းသိုလှောင်ခြင်း နှင့် သစ်ထောက်ခံချက်

၂၀၂၁၊ ဧပြီလ ၂၁ ရက်နေ့နောက်ပိုင်း အမေရိကန်နိုင်ငံသို့ ကျွန်းသစ်များ တင်ပို့ခြင်းသည် စီးပွားရေးပိတ်ဆို့ တားမြစ်ချက်ကို ချိုးဖောက်ပါသည်ဟု EIA အဖွဲ့၏ မှန်းဆချက်အပြင် မြန်မာနိုင်ငံ၏ တရားမဝင် သစ်သိုလှောင်ထားရှိမှု အခြေအနေနှင့် အမေရိကန် သစ်ကုန်သည်များက အဆိုပါ တရားမဝင် ကျွန်းသစ်များကို ဝယ်ယူထားခြင်းများ ဖြစ်သွားနိုင်သည်ကို သိရှိရန် အရေးပါသည်။

တရားမဝင် ထုတ်သည့် သစ်များကို သိုလှောင်ထားရှိခြင်းသည် မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် ဖြစ်ပျက်နေသည့် ကိစ္စတစ်ရပ် ဖြစ်သည်။ တရားမဝင် သစ်ထုတ်ခြင်းနှင့် အဂတိလိုက်စားခြင်းကြောင့် သစ်သိုလှောင်ထားရှိမှုများ ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ အာဏာမသိမ်းခင်နှင့် သိမ်းပြီးနောက်ပိုင်းတွင်လည်း တရားမဝင် သစ်ထုတ်ခြင်းကို ဖမ်းဆီးရရှိပါက သိုလှောင်ထားကြပါသည်။

၂၀၂၀ ခုနှစ်တွင် မြန်မာ့သစ်လုပ်ငန်းသည် သစ် ၁၈၀၂၇၀ $m^3$ ကို သိုလှောင်ထားရှိပါသည်။ အဆိုပါ ပမာဏသည် သစ်တောဦးစီးဌာနမှ သတ်မှတ်ထားသော နှစ်စဉ် ထုတ်လုပ်နိုင်မည့် ပမာဏ (Annual Allowable Cut) ထက် လွန်စွာ ပိုများနေသည်ကို တွေ့ရသည့်အတွက် မြန်မာနိုင်ငံအတွင်း တရားမဝင် သစ်ထုတ်လုပ်မှု အခြေအနေကို မှန်းဆနိုင်ပါသည်။[၃၇] ထို့ပြင် ကျွန်းသစ်ထုတ်ယူသည့် သစ်တောများသည် တိုင်းရင်းသား ဒေသများတွင် တည်ရှိပြီး တစ်ခါတရံ တိုင်းရင်းသား လက်နက်ကိုင်များ ထိန်းချုပ်သည့် ဒေသသို့ ဝင်ထွက်သွားလာရန်ပင် မလွယ်ကူပေ။

သစ်ထုတ်ခွင့်မရှိသော ဒေသမှ ကျွန်းသစ်များ ထုတ်ယူရရှိထားနိုင်ခြေသည် လွန်စွာ မြင့်မားပြီး supply chain ထဲသို့ ဝင်ရောက်နိုင်ခြေလည်း မြင့်မားပါသည်။ ၂၀၁၉ ခုနှစ်တွင် ကျွန်းသစ် သိုလှောင်ထားရှိမှု တန်ချိန် ၁ သိန်း မှ ၂ သိန်းအကြား ရှိမည်ဟု ခန့်မှန်းရပါသည်။[၃၈] အဆိုပါ သိုလှောင်ထားသော ကျွန်းသစ်များသည် မြန်မာ့သစ်လုပ်ငန်း၏

ထိန်းချုပ်မှုအောက်တွင် ရှိပြီး လေလံပွဲများတွင် ရောင်းချလျက် ရှိပါသည်။[၁၉]

မြန်မာ့ဥပဒေအရ သိမ်းဆည်းရရှိသော ကျွန်းသစ်များကို ရောင်းချပိုင်ခွင့် မရှိပေ။[၂၀] သို့သော် သစ်တောကဏ္ဍတွင် အဂတိလိုက်စားမှု များပြားသည့်အတွက် အဆိုပါ ဖမ်းဆီးရရှိသော ကျွန်းသစ်များသည် သိမ်းဆည်းသိုလှောင်ရုံသို့ ရောက်ရှိသွားနိုင်ပါသည်။ အဂတိလိုက်စားမှုသည် အလွန်ဆိုးရွားသည့်အတွက် လက်ရှိ သိမ်းဆည်းသိုလှောင်ထားသည့် ကျွန်းသစ်များသည် ယခင်အစိုးရ လက်ထက်တွင် တရားမဝင် ထုတ်ယူထားသော ကျွန်းသစ်များ ဖြစ်နိုင်ပါသည်။[၂၁]

ထို့ပြင် လေလံပွဲများတွင် ကျွန်းသစ်များကို ထုတ်ယူသည့်ဒေသကို ဖော်ပြထားခြင်း မရှိဘဲ သစ်အရည်အသွေးကိုသာ ဖော်ပြထားပါသည်။[၂၂] ထို့ကြောင့် ကျွန်းသစ်များ၏ မူရင်းထွက်ရှိသည့် ဒေသကို သိရှိရန် ပိုမို ခက်ခဲစေပါသည်။ ၂၀၁၇–၁၈ မတိုင်မီအထိ သစ်ထွက်ရှိရာ မူရင်းဒေသဆိုင်ရာ အချက်အလက်များ မရှိခဲ့ဘဲ ၂၀၁၈ ခုနှစ်တွင်မှ သစ်တောဦးစီးဌာနက ထိုအချက်အလက်များကို စတင်ပြုစုခဲ့သည်။[၂၃]

မြန်မာနိုင်ငံ သစ်တော ထောက်ခံချက်ပြုရေး ကော်မတီသည် သစ်ထောက်ခံချက်ကို ထုတ်ပေးပြီး[၂၄] လက်ရှိ စီးပွားရေးပိတ်ဆို့ စာရင်းတွင် ထည့်သွင်းခြင်း ခံထားရသော ဦးခင်မောင်ရီက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက် ရှိပါသည်။[၂၅]

ကွင်းဆက်တစ်ခုလုံးကို မလွှမ်းခြုံနိုင်သည့်အတွက် မြန်မာနိုင်ငံ၏ သစ်ထောက်ခံချက်သည် ထုတ်ယူသည့် ကျွန်းသစ်၏ မူလဇစ်မြစ်ကို သိရှိရန် လုပ်ဆောင်နိုင်စွမ်း မရှိနိုင်ဟု EU ကော်မရှင်က သတ်မှတ်ထားပါသည်။[၂၆] မြန်မာ့သစ် ထုတ်ယူသည့် မူလဇစ်မြစ်ကို သိရန်နှင့် တရားဝင် ထုတ်ယူထားခြင်း ဟုတ်မဟုတ်ကို သိရှိရန် တတိယ အဖွဲ့အစည်း၏ စိစစ်ချက်များကို အားထားနေရသည့် အမေရိကန် သစ်ကုန်သည်များအနေဖြင့် ၎င်းတို့ ဝယ်ယူထားသည့် ကျွန်းသစ်များအတွက် မြန်မာနိုင်ငံ သစ်တောထောက်ခံချက်ပြုရေး ကော်မတီမှ ထောက်ခံချက် ထုတ်ပေးထားရသောကြောင့် ခိုင်လုံစိတ်ချမှုနှင့် ပက်သက်၍ မေးခွန်းထုတ်စရာ ဖြစ်နေပါသည်။

EU ကော်မရှင်မှ သတ်မှတ်ထားသည့်အတိုင်း တတိယ အဖွဲ့အစည်း တစ်ခုက ကျွန်းသစ်များ၏ မူလဇစ်မြစ်ကို သစ်ငုတ်တို၏ DNA နမူနာမှတဆင့် သိရှိနိုင်သည်ဟု ဆိုသော်ငြားလည်း တရားဝင် နည်းလမ်းဖြင့် သစ်ထုတ်ယူထားခြင်း ဟုတ်မဟုတ်ကို သိရှိနိုင်ရန် ခက်ခဲပြီး အဂတိလိုက်စားမှု ပြဿနာများကိုလည်း ကျော်လွှားနိုင်ရန် ခက်ခဲမည် ဖြစ်သည်။[၂၇]

မြန်မာနိုင်ငံတွင် DNA နမူနာ စစ်ဆေးရန်အတွက် မှီငြမ်းချက်များ အလုံ အလောက် မရှိပါ။ သစ်တောများကို မြန်မာနိုင်ငံ အစိုးရက ပိုင်ဆိုင်သည့် အတွက် သစ်ထုတ်လုပ်သည့် ဒေသများသို့ နမူနာ သွားယူရာတွင် မြန်မာသစ်လုပ်ငန်း (သို့) သစ်တောဦးစီးဌာန တို့မှ ခွင့်ပြုချက်ပေးရန် လိုအပ်ပါသည်။

ထို့ပြင် စိစစ်ပေးသည့် တတိယ အဖွဲ့အစည်းများသည် ခွင့်ပြုချက် ရရှိပြီး မြန်မာနိုင်ငံ သစ်တောထောက်ခံချက်ပြုရေး ကော်မတီ၏ အနိမ့်ဆုံး မူဝါဒ သတ်မှတ်ထားချက်ကို ပြည့်မှီနိုင်မှသာလျှင် ထောက်ခံချက်များ ထုတ်ပေးနိုင်သည်။[၂၈]

ယုံကြည်စိတ်ချရသော နောက်ကြောင်း ပြန်စစ်ဆေးနိုင်သည့်စနစ် မရှိပါက ရောင်းချလိုက်သည့် ကျွန်းသစ်သည် သိမ်းဆည်း သိုလှောင်ထားသည့် ကျွန်းသစ် (သို့) မကြာသေးမီက ထုတ်ယူထားသည့် ကျွန်းသစ် ဖြစ်သည်ကို သိရှိရန် မဖြစ်နိုင်ပါ။ မူလဇစ်မြစ်ကို သိရှိရန်လည်း မဖြစ်နိုင်ပါ။ ထို့ကြောင့် နိုင်ငံတကာ ဈေးကွက်ထဲသို့ ရောင်းချလိုက်သည့် မြန်မာ့ ကျွန်းသစ်များသည် တရားဝင် နည်းလမ်းဖြင့် ထုတ်ယူထားခြင်း ရှိမရှိ ကိုလည်း မသိရှိနိုင်ပါ။


ပြည်ပတင်ပို့ရန်အတွက် ဂိုဒေါင်တွင် သိမ်းထားသည့် ကျွန်းသစ်များ
©EIA UK

# လေစီ အက်ဥပဒေ (The Lacey Act)[၂၉]

လေစီ အက်ဥပဒေကို တရားမဝင် ထုတ်ယူထားသော အပင်များ (သားရဲတိရစ္ဆာန် နှင့် ငါး အပါအဝင်) ရောင်းဝယ်ခြင်းကို တိုက်ဖျက်ရန် ရည်ရွယ် ရေးဆွဲထားသည့် အမေရိကန် ဥပဒေတစ်ခု ဖြစ်သည်။

မြန်မာ့ကျွန်းသစ်များ အမေရိကန်နိုင်ငံသို့ တင်ပို့ခြင်းနှင့် ဆက်စပ်ရလျှင် လေစီ အက်ဥပဒေသည် အမေရိကန်နိုင်ငံ ဥပဒေတစ်ခုခု (သို့) နိုင်ငံတစ်နိုင်ငံ၏ အပင်ကာကွယ်ရေးဆိုင်ရာ ဥပဒေတစ်ခုခုကို ချိုးဖောက်၍ ကျွန်းသစ်များအား ထုတ်ယူခြင်း၊ ပိုင်ဆိုင်ပိုင်း၊ သယ်ဆောင်ခြင်း (သို့) ရောင်းချခြင်းတို့ကို တားမြစ်ထားပါသည်။[၃၀]

၂၀၁၈ မြန်မာ့သစ်တော ဥပဒေ နှင့် ၁၉၉၅ မြန်မာ့သစ်တော မူဝါဒ တို့တွင် ရေရှည်တည်တံ့သော နည်းလမ်းဖြင့် သစ်ထုတ်ယူခြင်းနှင့် တရားမဝင် သစ်ထုတ်လုပ်ခြင်းမှ ကာကွယ်ရန် ထည့်သွင်းဖော်ပြထားရှိပါသည်။ ထို့အပြင် လေစီ အက်ဥပဒေသည် royalties၊ အခွန်အခနှင့် အပင်ခုတ်ခ မပေးဆောင်ဘဲ မြန်မာ့ကျွန်းသစ်များအား ထုတ်ယူ၊ ပိုင်ဆိုင်၊ သယ်ဆောင် (သို့) ရောင်းချ၍ အမေရိကန်နိုင်ငံသို့ တင်သွင်းခြင်းကို ထားမြစ်ထားပါသည်။[၃၁]

အမေရိကန်နိုင်ငံ၏ ဥပဒေ (သို့) နိုင်ငံခြား ဥပဒေတစ်ခုခုကို ချိုးဖောက်၍ ကျွန်းသစ်များကို ထုတ်ယူ၊ ပိုင်ဆိုင်၊ သယ်ယူ (သို့) ရောင်းချထားခြင်း ဟုတ်မဟုတ်ကို စစ်ဆေးရန် လိုအပ်ပါသည်။ စစ်ဆေးမှု ဆောင်ရွက်ခြင်းကို ''တူညီသော (သို့) အလားတူ အခြေအနေတွင် အကျိုးသင့် အကြောင်းသင့် စဉ်းစားတတ်သော လူတစ်ဦးက လိုအပ်သလို စစ်ဆေးမှု ဆောင်ရွက်ခြင်း''ဟူ၍ ဖွင့်ဆိုထားပါသည်။[၃၂] ထို့ကြောင့် ကျွန်းသစ် တင်သွင်းမှုများအနေဖြင့် အဆိုပါ ကျွန်းသစ်များကို တရားဝင် ထုတ်ယူထားခြင်း ရှိမရှိကို ဆန်းစစ်ရန် လိုအပ်ပါသည်။

အောက်တွင် ဖော်ပြထားသည့်အတိုင်း လက်ရှိ အနေအထားအရ မြန်မာနိုင်ငံမှ အမေရိကန်နိုင်ငံထဲသို့ ကျွန်းသစ် တင်ပို့ခြင်းသည် လေစီ အက်ဥပဒေကို ချိုးဖောက်လျက် ရှိနေပါသည်ဟု EIA အနေဖြင့် ယုံကြည်ပါသည်။

### အမေရိကန်နိုင်ငံ၏ ဥပဒေ (သို့) နိုင်ငံခြား ဥပဒေတစ်ခုခုကို ချိုးဖောက်၍ ကျွန်းသစ်များကို ထုတ်ယူခြင်း၊ လက်ဝယ်ပိုင်ဆိုင်ထားခြင်း၊ သယ်ယူခြင်း (သို့) ရောင်းချခြင်း

ရှေ့တွင် ဖော်ပြခဲ့သည့်အတိုင်း ၂၀၂၁ ဧပြီလ ၂၁ ရက်နေ့နောက်ပိုင်း မြန်မာနိုင်ငံမှ ကျွန်းသစ်များကို အမေရိကန်နိုင်ငံသို့ တင်ပို့ခြင်းသည် စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့ထားချက်ကို ချိုးဖောက်ခြင်း ဖြစ်သည်ဟု EIA အနေဖြင့် ယုံကြည်ပါသည်။ ထို့အပြင် အမေရိကန် ဥပဒေ (ဥပမာ – စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့ခြင်း) ကို ချိုးဖောက်၍ ကျွန်းသစ်များ တင်ပို့လျက် ရှိသောကြောင့် လေစီ အက်ဥပဒေကို ချိုးဖောက်ရာ ရောက်သည်ဟုလည်း ယုံကြည်ပါသည်။

ထို့အပြင် ရှေ့တွင် တင်ပြဆွေးနွေးခဲ့သည့်အတိုင်း မြန်မာနိုင်ငံတွင် ဖမ်းဆီး သိမ်းဆည်းထားသည့် ကျွန်းသစ်များအား နိုင်ငံခြားသို့ တင်ပို့ခြင်းကို တားမြစ်ထားပါသည်။ သို့သော် ဖမ်းဆီး သိမ်းဆည်းထားသည့် ကျွန်းသစ်များကို တရားမဝင် ထုတ်ယူထားသော ကျွန်းသစ်များနှင့် အတူတကွ သစ်သိုလှောင်ရုံတွင် ရောထွေး ထိန်းသိမ်းထားလေ့ရှိပါသည်။ ထို့ကြောင့် အမေရိကန် သစ်ကုန်သည်များ အသုံးပြုသည့် သစ်သိုလှောင်ရုံမှ ကျွန်းသစ်များကို ဝယ်ယူခြင်းဖြစ်သည် ဟူသော အကြောင်းပြချက်သည် လေစီ အက်ဥပဒေနှင့် ဆန့်ကျင်နေသည်သာမက မြန်မာ့ ၂၀၁၈ သစ်တောဥပဒေကို ချိုးဖောက်၍ ကျွန်းသစ်များကို တရားမဝင် ထုတ်ယူရရှိထားခြင်းလည်း ဖြစ်နိုင်ခြေ မြင့်မားပါသည်။[၃၃]

EIA မှ ယခင်က ထုတ်ပြန်ခဲ့သော ''ဥပဒေနှစ်ခု၏ ပုံပြင် – တည်ဆဲ EU နှင့် US ဥပဒေများကို အသုံးပြု၍ တရားမဝင် သစ်ကုန်သွယ်ခြင်းကို တိုက်ဖျက်ခြင်း'' အစီရင်ခံစာတွင် ဥရောပ သမဂ္ဂ၏ သစ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ခြင်းသည် လေစီ အက်ဥပဒေကို ချိုးဖောက်ခြင်း ဖြစ်နိုင်သည်ဟု ဖော်ပြထားခဲ့ပါသည်။ အပင်များကို ကာကွယ်ရန်၊ ခိုးယူခြင်းကို ထိန်းချုပ်ရန်နှင့် တရားဝင် ခွင့်ပြုချက်မရှိဘဲ ကာကွယ်တောများမှ အပင်များ ထုတ်ယူခြင်းတို့မှ ကာကွယ်ရန် ထည့်သွင်းရေးဆွဲထားသော နိုင်ငံခြား ဥပဒေတစ်ခုခုကို ချိုးဖောက်၍ ကျွန်းသစ်များကို တင်ပို့ခြင်းသည် လေစီ အက်ဥပဒေအရ တားမြစ်ထားခြင်း ဖြစ်သည်ဆိုသည့် ယူဆချက်ကို အခြေခံထားပါသည်။[၃၄]

မကြာသေးမီနှစ်များမှ စတင်၍ ဥရောပသမဂ္ဂ ကော်မရှင်က မြန်မာနိုင်ငံမှ ကျွန်းသစ်များကို တင်သွင်းခြင်းသည် တရားမဝင်ပါဟု အစဉ်တစိုက် ပြောဆိုခဲ့ပါသည်။ အကြောင်းရင်းမှာ မြန်မာနိုင်ငံမှ ထွက်ရှိသော ကျွန်းသစ်များသည် တရားဝင် ထုတ်လုပ်ထားခြင်း ဖြစ်သည်ဟု သက်သေပြရန် ခက်ခဲခြင်းနှင့် မြန်မာ့သစ်လုပ်ငန်းကို EU အဖွဲ့က

စီးပွားရေး ပိတ်ဆို့စာရင်းတွင် ထည့်သွင်းထားခြင်းတို့ကြောင့် EU အဖွဲ့၏ တာဝန်ယူမှု တာဝန်ခံမှု ရှိမရှိ (Due Diligence) ကို လုပ်ဆောင်ရန် စည်းကမ်း သတ်မှတ်ထားချက်ကို လိုက်နာဆောင်ရွက်ရန် မဖြစ်နိုင်သည့် အတွက်ကြောင့် ဖြစ်သည်။[၃၅]

ထို့ကြောင့် EU ဥပဒေအရ ကျွန်းသစ်သည် တရားမဝင် ကုန်ပစ္စည်းတစ်ခု ဖြစ်နေသည့်အတွက် အမေရိကန် နိုင်ငံအတွင်းသို့ မြန်မာ့ကျွန်းသစ်များ တင်သွင်းခြင်းသည့် လေစီ အက်ဥပဒေကို ချိုးဖောက်လျက် ရှိနေပါသည်။

## သင့်လျော်သော royalties ၊ အခွန်အခ နှင့် အပင်ခုတ်ခတို့ကို မပေးဆောင်ဘဲ ကျွန်းသစ်များကို ထုတ်လုပ်ခြင်း၊ ပိုင်ဆိုင်ခြင်း၊ သယ်ဆောင်ခြင်း နှင့် ရောင်းချခြင်း

ယခင်က EIA ထုတ်ပြန်ခဲ့သော *အခွန်အခ ကိစ္စရပ်များ – မြန်မာနိုင်ငံမှ ကျွန်းသစ်တင်ပို့ခြင်း ကဏ္ဍတွင် အခွန်ရှောင်ခြင်း ဆိုင်ရာ သက်သေ အထောက်အထားများ* အစီရင်ခံစာတွင် မြန်မာနိုင်ငံတွင် ကျွန်းသစ်လုံး များနှင့် ကျွန်းခွဲသားများအပေါ် အထူး ကုန်စည်ခွန် ကောက်ပြီး ကျွန်းသစ်ကုန်ချော ပစ္စည်းပေါ်တွင်မူ ကောက်ခံခြင်း မရှိကြောင်း တင်ပြခဲ့သည်။[၃၆]

ထို့အပြင် အကောက်ခွန် ဦးစီးဌာနကလည်း သစ်အချောထည် ပစ္စည်း ထက် သစ်အကြမ်းထည် ပစ္စည်းအပေါ် ပိုမိုမြင့်မားသော နှုန်းထားဖြင့် အခွန်ကောက်ခံပါသည်။[၃၇] EIA အဖွဲ့မှ လက်ခံရရှိသည့် EU နိုင်ငံများသို့ တင်ပို့သော ကျွန်းသစ်အရောင်းအဝယ် ပြေစာများတွင် သစ်နှင့် အဆင့်အတန်းကို လိမ်လည်ထည့်သွင်းကြသည်ကို တွေ့ရှိခဲ့ပါသည်။ ငွေကြေး ခဝါချရန် (သို့) အကျိုးအမြတ် ပိုမို ရရှိရန်အတွက် သစ်ကုန်သည်များသည် ထိုကဲ့သို့ ကုန်ပစ္စည်း ကုတ်နံပါတ် (HS code) ကို ပြောင်းလဲကြပါသည်။

တနည်းအားဖြင့် ထိုသစ်ကုန်သည်များသည် မြန်မာအစိုးရအား အထူး ကုန်စည်ခွန်နှင့် အကောက်ခွန် ပေးဆောင်ရာတွင် အခွန် လိမ်ခဲ့ကြပါသည်။ EIA အဖွဲ့အနေဖြင့် မြန်မာ့သစ်လုပ်ငန်းထံမှ ကျွန်းသစ်များ ဝယ်ယူတင်ပို့လျက်ရှိသော ပုဂ္ဂလိက ကုမ္ပဏီများသည် အထူးကုန်စည်ခွန် ရှောင်ရန်နှင့် အကောက်ခွန်ကို လျှော့ပေါ့ ပေးဆောင်နိုင်ရန် ထိုကဲ့သို့ တင်ပို့သည့် သစ်၏ အဆင့်အတန်းကို အထူးသဖြင့် ကျွန်းသစ်ပြားများ တင်ပို့ရာတွင် လိမ်လည်မှု ကျူးလွန်လျက် ရှိနေပါသည်။

အကယ်၍ အမေရိကန်နိုင်ငံသို့ တင်ပို့သည့် ကျွန်းသစ်များသည် အထက်ဖော်ပြပါကဲ့သို့ တရားမဝင် လုပ်ဆောင်မှုများနှင့် တနည်းနည်း ဆက်စပ်မှု ရှိမည်ဆိုပါက လေစီ အက်ဥပဒေကို ချိုးဖောက်ပါသည်ဟု EIA အဖွဲ့က ယုံကြည်ပါသည်။[၃၈]

## တာဝန်သိစွာ စိစစ် လုပ်ဆောင်ခြင်း (Due care)

အထက်တွင် တင်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံ၏ ကျွန်းသစ် ထုတ်လုပ်ရာ မူလဇစ်မြစ် ဒေသကို သိရှိရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် မြန်မာ့ကျွန်းသစ်များကို မြန်မာ့ဥပဒေများနှင့်အညီ တရားဝင် ထုတ်ယူရရှိသည်ဟု ယတိပြတ် သတ်မှတ်ရန် မဖြစ်နိုင်ပေ။

ထို့အပြင် အောက်တိုဘာလ ၂၁ ရက်နေ့တွင် မြန်မာနိုင်ငံကို ကမ္ဘာ့ ဘဏ္ဍာရေး စောင့်ကြည့်အဖွဲ့က အမည်ပျက်စာရင်း သွင်းလိုက်သည်။ ထို့သို့ အမည်ပျက်စာရင်း သွင်းလိုက်ခြင်းဖြင့် ကမ္ဘာ့ဘဏ္ဍာရေး စောင့်ကြည့်အဖွဲ့ဝင် နိုင်ငံများသည် မြန်မာနိုင်ငံနှင့် ငွေပေးချေမှု အဝင်အထွက် လုပ်ဆောင်မှုများကို တာဝန်သိစွာ စိစစ်ဆောင်ရွက်မှုများ (due diligence) ဖိဖိစီးစီး ပြုလုပ်ရန် လိုအပ်လာပါသည်။ ဆိုလိုသည်မှာ မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ နှင့် မြန်မာနိုင်ငံသားတို့နှင့် စီးပွားရေး လုပ်ကိုင်မည်ဆိုပါက ငွေကြေးခဝါချမှု နှင့် အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့ပေးခြင်း ကိစ္စရပ်များနှင့် ငြိစွန်းသွားနိုင်ကြောင်း သတိပေးခြင်း ဖြစ်သည်။

ထို့ကြောင့် EIA အနေဖြင့် သာမန်လူ တစ်ဦးကဲ့သို့ တာဝန်သိစွာ စိစစ်မှု (due diligence) လုပ်ဆောင်မည်ဆိုပါက မြန်မာ့ကျွန်းသစ်ကို ဝယ်ယူခြင်းသည် ဥပဒေ တစ်ခုခုကို ချိုးဖောက်၍ တရားမဝင် သစ်ထုတ်လုပ်ခြင်း၊ ပိုင်ဆိုင်ခြင်း၊ သယ်ယူခြင်းနှင့် ရောင်းချခြင်းတို့ကို ကျူးလွန်နိုင်ခြေ အလွန်မြင့်မားသည်ဟု တင်ပြလိုပါသည်။

## ကျွန်းသစ် တင်သွင်းသည့်အတွက် သမိုင်းဝင် ဖြစ်သွားသော လေစီ အက်ဥပဒေ ချိုးဖောက်မှု

အမေရိကန်နိုင်ငံသို့ မြန်မာ့ကျွန်းသစ် တင်သွင်းနေခြင်းသည် လေစီ အက်ဥပဒေကို ချိုးဖောက်ခဲ့သော အခြား သစ်ကုန်သွယ်မှုများနှင့် ဆင်တူနေသည်ကို တွေ့ရပါသည်။

တာဝန်သိစွာ စိစစ်ခြင်း မပြုခဲ့ဘဲ ပီရူးနိုင်ငံ၏ အမေဇုန်တောမှ တရားမဝင် ထုတ်ယူသော သစ်များကို တင်သွင်းခဲ့မိသောကြောင့် Global Plywood and Lumber Trading LLC (Global Plywood) ကုမ္ပဏီသည် ပီရူးအစိုးရ ပတ်ဝန်းကျင် ဝန်ကြီးဌာနအား ၂၀၂၁၊ စက်တင်ဘာလတွင် လျော်ကြေးငွေ ဒေါ်လာ ၂၀၀,၀၀၀ ပေးချေခဲ့ရ ရုံသာမက ဒဏ်ငွေ ဒေါ်လာ ၅,၀၀၀ တပ်ရိုက်ခံလိုက်ရသည်။

Global Plywood ကုမ္ပဏီသည် သစ်မာ ၁,၁၃၅ m³ ဝယ်ယူခဲ့သည်။ ၎င်းသည် ရောင်းချပေးသူ၏ တရားဝင် သစ်ထုတ်ခွင့်ပါမစ် ရှိမရှိကို စစ်ဆေးရန် ပျက်ကွက်ခဲ့ပြီး အများပြည်သူအတွက် ထုတ်ပြန်ထားသော အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးခြင်းလည်း မပြုလုပ်ခဲ့ပေ။[၃၉]

၂၀၁၆ ခုနှစ်တွင် Lumber Liquidators, Inc (LL) ကုမ္ပဏီသည် တရုတ်နိုင်ငံမှ တရားမဝင် သစ်များကို တင်သွင်းခဲ့သည့်အတွက် လေစီ အက်ဥပဒေအရ အရေးယူခြင်း ခံခဲ့ရသည်။ LL ကုမ္ပဏီသည် တရားဝင် သစ်ထုတ်ထားသည့် စာရွက်စာတမ်းကို မပြနိုင်သော သစ်ရောင်းချသူထံမှ ဝယ်ယူတင်သွင်းခဲ့ခြင်း နှင့် အရဲစွန့်ရမှု မြင့်မားသော နိုင်ငံများမှ တင်သွင်းရာတွင် တာဝန်သိစွာ စိစစ်ခဲ့ခြင်း မရှိခဲ့ပေ။[၄၀] LL ကုမ္ပဏီသည် ဒဏ်ကြေး ဒေါ်လာ ၁၃.၂ သန်း ပေးချေခဲ့ရသည်။[၄၁]

အမေရိကန် သစ်ကုန်သည်များသည် လေစီ အက်ဥပဒေကို ချိုးဖောက်ခဲ့သည့် သစ်ကုန်သည်များကဲ့သို့ အလားတူ လုပ်ငန်းလည်ပတ် ဆောင်ရွက်လျက် ရှိပါသည်။ ထို့ကြောင့် အမေရိကန်နိုင်ငံထဲသို့ ကျွန်းသစ်များ တင်သွင်းနေသော အမေရိကန် သစ်ကုန်သည်တို့သည် လေစီ အက်ဥပဒေကို ချိုးဖောက်လျက် ရှိနေသည်ဟု EIA အနေဖြင့် ယုံကြည်ပါသည်။

မြန်မာပြည်တွင်း၌ ပဋိပက္ခများ ပိုမိုဆိုးရွားလာသည်နှင့်အမျှ မြန်မာ စစ်တပ်သည် နိုင်ငံခြားဝင်ငွေ ရရှိရန် အသည်းအသန် ကြိုးပမ်းလျက် ရှိသည်။ စစ်တပ်၏ အရင်းအမြစ်နှင့် ဘဏ္ဍာဝင်ငွေများကို ဖြတ်တောက်ပစ်ရန် မြန်မာနိုင်ငံရှိ ပြည်သူများ၏ တောင်းဆိုချက်ကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေးပိတ်ဆို့ခြင်း သတ်မှတ်ချက်များကို အပြည့်အဝ အကောင်အထည်ဖော်ရန် အလွန် အရေးပါပါသည်။



ရွက်လှေတည်ဆောက်ခြင်း လုပ်ငန်းသည် မြန်မာ့သစ်များ အမေရိကန်နိုင်ငံသို့ တင်ပို့ခြင်း၏ အဓိက အကြောင်းအရင်း ဖြစ်သည်။

# အကြံပြုချက်များ

## အမေရိကန် အစိုးရ

- လေစီ အက်ဥပဒေနှင့် စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့မှု သတ်မှတ်ထားချက်ကို အပြည့်အဝ အကောင်အထည်ဖော်ပါ။
- အမေရိကန် သစ်ကုန်သည်များ ကျွန်းသစ် တင်ပို့ရာတွင် အသုံးပြုနေသည့် သစ်သိမ်းဆည်းသိုလှောင်ရုံမှ ကြိုတင် ဝယ်ယူထားသည့် ကျွန်းသစ်များ ဖြစ်သည်ဆိုသည့် အကြောင်း ပြချက်ကို ဆန့်ကျင်သည့် သက်သေ အထောက်အထားများ ရှိနိုင်ပါသည်။ ထို့ကြောင့် ၂၀၂၁ ဧပြီလ ၂၁ ရက်နောက်ပိုင်း မြန်မာ့သစ်လုပ်ငန်းအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ငွေကြေးပေးချေမှုများ မရှိကြောင်း သက်သေပြနိုင်ရန် လိုအပ်ပါသည်။
- အမေရိကန် ဒေါ်လာများ မြန်မာနိုင်ငံအတွင်းသို့ ပြန်လည် ဝင်ရောက်ခြင်းကို တားမြစ်နိုင်ရန် မြန်မာ့စီးပွားရေး ဘဏ်ကို အမိန့်ကြော်ငြာစာ အမှတ် ၁၄၀၁၄ စာရင်းတွင် ထည့်သွင်း သင့်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများ အနေဖြင့် လည်း US နှင့် EU တို့၏ စီးပွားရေး ပိတ်ဆို့ထားချက်များ၊ EU အဖွဲ့၏ မြန်မာ့ကျွန်းသစ် ကုန်သွယ်ခြင်းဆိုင်ရာ သတ်မှတ် ထားချက်များကို ချိုးဖောက်နေခြင်း ရှိမရှိကို တာဝန်ခံမှုရှိစွာ စုံစမ်းစစ်ဆေးခြင်း (due diligence) များ ပြုလုပ်သင့်ပါသည်။
- တတိယ အဖွဲ့အစည်းများ၏ စိစစ် ထောက်ခံချက်များသည် ကျွန်းသစ် တင်သွင်းရာတွင် အရဲစွန့်ရမှုကို လျော့ချနိုင်ရန် အတွက် လုံလောက်သော သက်သေများ ဖြစ်သည်ဟု မမှတ်ယူသင့်ပါ။

## စင်္ကာပူ အစိုးရ

- ကျွန်းသစ် ကုန်သွယ်ရာတွင် စင်္ကာပူနိုင်ငံ၏ ဘဏ်စနစ်ကို မှီခိုနေကြသည့်အတွက် စင်္ကာပူအစိုးရ အနေဖြင့် မြန်မာနိုင်ငံမှ ငွေကြေးအဝင်အထွက်ကို စုံစမ်းစစ်ဆေးပြီး ကမ္ဘာ့ ဘဏ္ဍာရေး စောင့်ကြည့်အဖွဲ့၏ မြန်မာနိုင်ငံအား အမည်ပျက် စာရင်း ထည့်သွင်းလိုက်ခြင်းကိုလည်း လိုက်နာရန် လိုအပ်ပါသည်။
- ယူကေ၊ အီးယူ၊ ယူအက်စ်၊ ကနေဒါ နှင့် ဆွစ်ဇာလန် နိုင်ငံတို့၏ မူဝါဒ သတ်မှတ်ချက်များနှင့် ရေးဆွဲဖော်ဆောင် သင့်ပါသည်။ တရားမဝင် မြန်မာ့သစ်များ ကုန်သွယ်ခြင်းကို တားမြစ်နိုင်ရန်နှင့် နိုင်ငံတကာ ဈေးကွက်များတွင် ရောင်းချခြင်းမှ ရရှိသော နိုင်ငံခြားငွေများ စစ်တပ်ထံသို့ ဝင်ရောက်ခြင်း မရှိစေရန် မြန်မာ့သစ်လုပ်ငန်းအပေါ် ချမှတ်ထားသော ဘဏ္ဍာရေးဆိုင်ရာ ဒဏ်ခတ် ပိတ်ဆို့ထားချက်များကို အကောင်အထည်ဖော်ပါ။

## ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများ

- မြန်မာနိုင်ငံနှင့် ဆက်စပ်သော ငွေပေးချေမှု အဝင်အထွက် အားလုံးကို တာဝန်သိစွာ စုံစမ်းစစ်ဆေးခြင်းများ တိုးမြှင့်လုပ်ဆောင်ရန် အကြံပြုသည့် ကမ္ဘာ့ဘဏ္ဍာရေး စောင့်ကြည့်အဖွဲ့၏ မြန်မာနိုင်ငံအား နာမည်ပျက်စာရင်း ထည့်သွင်းလိုက်သည့် ဆုံးဖြတ်ချက်ကို အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါသည်။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် မြန်မာနိုင်ငံကို ကမ္ဘာ့ငွေကြေး ဈေးကွက်စနစ်မှ ဖြတ်တောက်လိုက်ခြင်း ဖြစ်သည်။





# ကျမ်းကိုးစာရင်း


၁ Executive Order No. 14014, 86 Fed. Reg. 28 (February 10, 2021), available at: https://home.treasury.gov/system/files/126/14014.pdf

၂ The State-owned Economic Enterprises Law (The State Law and Order Restoration Council Law No. 9/89) (31st March, 1989), available at: https://www.burmalibrary.org/docs15/1989-SLORC_Law1989-09-State-Owned_Enterprise_Act-en.pdf; U.S. Department of the Treasury's Office of Foreign Assets Control (21 April 2021), available at: https://home.treasury.gov/news/press-releases/jy0138

၃ Section 2(a) Executive Order No. 14014, 86 Fed. Reg. 28 (February 10, 2021) – US sanctions apply to US persons; and Section 4(a) of Executive Order No. 14014, 86 Fed. Reg. 28 (February 10, 2021) – payments in US dollars to MTE, whether made by a US person or non-US person, will require a US person to process the US dollar payment through the US financial system, and will likely "cause a violation of" US sanctions.

၄ http://www.mte.com.mm/index.php/en/annoucements/1433-1152022-02

၅ Forest Trends (2022), "Myanmar's Timber Trade One Year Since the Coup: The Impact of International Sanctions", available at: https://www.forest-trends.org/wp-content/uploads/2022/03/Forest-Trends_Myanmars-Timber-Trade-One-Year-Since-the-Coup.pdf

၆ http://www.mte.com.mm/index.php/en/export-marketing-milling-department/exportdepartment-faq

၇ Independent Economists for Myanmar (2021), "Overview of Myanmar Military Finances", available at: https://www.docdroid.net/TPuOSOD/iem-military-financesbrief-april-26-1-pdf

၈ Section 2(a) and Section 4(a) Executive Order No. 14014, 86 Fed. Reg. 28 (February 10, 2021).

၉ http://www.mte.com.mm/index.php/en/annoucements/1432-1152022-01; http://www.mte.com.mm/index.php/en/annoucements/1433-1152022-02; Euro payments are also accepted by MTE for the purchase of teak. However, it is EIA's position that using Euro payments instead of US dollar payments would also likely cause a violation of the US sanctions: if a US person uses Euro payments to purchase teak, they will be providing funds, directly or indirectly, to MTE in violation of Section 2 of E.O. 14014.

၁၀ April 2022 tender announcement omitted from the MTE website. See: http://www.mte.com.mm/index.php/en/tenders/export-milling-marketing-dept-tender/27-tenders/export-milling-marketing-dept-tender/teak-logs

၁၁ Based on quantities detailed in MTE tender announcements available on the MTE website: https://www.mte.com.mm/index.php/en/tenders/export-milling-marketingdept-tender/27-tenders/export-milling-marketing-dept-tender/teak-logs


၁၂ http://www.mte.com.mm/index.php/en/annoucements/1372-19-11-2020-2; the actual quantity available at auction will have been significantly less, since around 25-50% of the timber is wasted during the extraction and processing operations (https://myanmartimberassociation.org/forest_management.html)

၁၃ Data sourced from Panjiva 14 November 2022, search term "teak".

၁၄ Data sourced from Panjiva 14 November 2022, search term "teak".

၁၅ See para 17 "Terms and Conditions for Monthly Open Tender Sale for 2022-2023 Financial Year", available at: https://www.mte.com.mm/index.php/en/annoucements/1433-1152022-02

၁၆ https://panjiva.com/shipment_search/company?pids_list=129375457&type=all_profile&q=teak&years=0&profile_type=supplier



၁၇ https://ec.europa.eu/environment/forests/pdf/201209%20EUTR%20EG%20Country%20Conclusions%20Myanmar_final.pdf

၁၈ https://eia-international.org/wp-content/uploads/EIA-report-State-of-Corruption.pdf

၁၉ N.B., EIA has also confirmed that stockpiles of teak do exist in neighbouring countries, such as Thailand and Taiwan (see EIA's State of Corruption report).

၂၀ Para 46 Forest Law 2018, available at http://extwprlegs1.fao.org/docs/pdf/mya196310.pdf

၂၁ The Corruption Perceptions Index ranks Myanmar at 140th out of 180 countries, with a score of 28 (a score of 0 is "highly corrupt" and a score of 100 is "very clean"): https://www.transparency.org/en/cpi/2021

၂၂ https://ec.europa.eu/environment/forests/pdf/201209%20EUTR%20EG%20Country%20Conclusions%20Myanmar_final.pdf

၂၃ https://www.forestdepartment.gov.mm/sites/default/files/Documents/%28R%29Myanmar%20Timber%20Chain%20of%20Custody%20Process_.pdf

၂၄ https://myanmarforestcertification.org/about/

၂၅ https://sanctionssearch.ofac.treas.gov/Details.aspx?id=31924

၂၆ https://ec.europa.eu/environment/forests/pdf/201209%20EUTR%20EG%20Country%20Conclusions%20Myanmar_final.pdf

၂၇ https://ec.europa.eu/environment/forests/pdf/201209%20EUTR%20EG%20Country%20Conclusions%20Myanmar_final.pdf

၂၈ https://myanmarforestcertification.org/certification/

၂၉ The Lacey Act, 16 U.S.C. §§ 3371-3378

၃၀ https://www.govinfo.gov/content/pkg/USCODE-2010-title16/html/USCODE-2010-title16-chap53.htm; https://www.federalregister.gov/documents/2021/07/02/2021-14155/implementation-of-revised-lacey-act-provisions

၃၁ The Lacey Act, 16 U.S.C. §3372(a)(2)(B)(ii)

၃၂ https://www.ce9.uscourts.gov/jury-instructions/node/419

၃၃ Para 46 Forest Law 2018, available at http://extwprlegs1.fao.org/docs/pdf/mya196310.pdf

၃၄ The Lacey Act, 16 U.S.C. §3372(a)(2)(B)(i)(I)-(IV)

၃၅ Council Regulation (EU) No 401/2013 concerning restrictive measures in view of the situation in Myanmar/Burma and repealing Regulation (EC) No 194/2088, available at: https://eur-lex.europa.eu/legal-content/EN/TXT/?uri=CELEX%3A32013R0401

၃၆ The Specific Goods Tax Law (The Pyidaungsu Hluttaw Law No. 11, 2016) (18th January, 2016), available at: https://www.mopf.gov.mm/sites/default/files/upload_pdf/2018/04/The%20Specific%20Goods%20Tax%20Law(English%20Version).pdf; https://eiainternational.org/wp-content/uploads/2021-Taxing-Questions-spreads.pdf

၃၇ Customs Tariff of Myanmar (MCT) 2017, available at: https://www.customs.gov.mm/sites/default/files/UpPDF/Customs%20Tariff%20of%20Myanmar%202017.pdf

၃၈ The Lacey Act, 16 U.S.C. §3372(a)(2)(B)(ii)

၃၉ https://us.eia.org/press-releases/20210927-us-company-pleads-guilty-to-importingillegal-timber-from-peru/; https://www.justice.gov/opa/pr/us-corporation-sentencedimporting-illegally-sourced-wood-amazon

၄၀ https://us.eia.org/press-releases/lumber-liquidators-sentenced-for-smuggling-illegal-wood-into-the-united-sta/; https://www.justice.gov/opa/pr/lumber-liquidators-incsentenced-illegal-importation-hardwood-and-related-environmental

၄၁ https://www.justice.gov/opa/pr/lumber-liquidators-inc-sentenced-illegal-importation-hardwood-and-related-environmental

environmental
investigation
agency